# သာမန်ကာလ ဒုတိယတနင်္ဂနွေနေ့

ရှင်ယောဟန် ၂း ၁-၁၁

လူ့ဘဝမှာ အဆင်ပြေပြေနေနိုင်ဖို့အတွက် စားဝတ်နေရေး ပြည့်စုံအောင် အလုပ်ကျိုးစားနေကြတယ်။ ဒါတွေပြည့်စုံနေပေမဲ့ ချစ်ခြင်းမေတ္တာ မရှိပြန်ရင်လည်း လူ့ဘဝက ဘာမျှအဓိပ္ပါယ် မရှိတော့ပါဘူး။ စားဝတ်နေရေး မပြည့်စုံတာက အသက်ရှင်နေလို့ ဖြစ်သေးတယ်။ မဝတဝစားရလည်း အသက်ရှင်ပါတယ်။ မပြည့်မစုံနေရလည်း အသက်ရှင်ပါတယ်။ ချစ်ခြင်းမေတ္တာ မရှိရင်တော့ အသက်ရှင်ချင်စိတ်ကို မရှိတော့ပါဘူး။

လူသားနှစ်ယောက် အမျိုးသားနဲ့ အမျိုးသမီး တစ်ယောက်ကို တစ်ယောက် အချစ်စစ်၊ ဖူးစာရှင်အစစ်တွေ့ပြီဆိုပြီးတော့ ရာသက်ပန် အတူနေဖို့ လက်ထပ်ကြပါတယ်၊ သူတို့ရဲ့အချစ်ကို လူသိရှင်ကြား ပွဲဖော်ကြပါတယ်။ "သင့်ကို ရာသက်ပန်ချစ်ခင်လေးစားနိုင်ရန် မရှိအတူ ရှိအတူ၊ ကျန်းမာသည်ဖြစ်စေ မကျန်းမာသည်ဖြစ်စေ သစ္စာရှိရှိပေါင်းသင်းဖို့" ကတိသစ္စာတွေ အပြန်အလှန်ပြုကြတယ်။ အစပထမမှာတော့ သိတ်ချစ်ကြတယ်။ နောက်မျာ:မကြာမီ ချစ်ခြင်းမေတ္တာ မရှိကြတော့ဘူး။ မယ်တော် ပြောသလို "သူတို့မှာ စပျစ်ရည် မရှိတော့ဘူး။" စပျစ်ရည် မရှိမှတော့ ဘာပွဲဖော်နေအုံးမှာလဲ။ ဘာပျော်စရာရှိအုံးမှာလဲ။ လက်ထပ်စဉ်တုံးကတော့ "ငါ့ကို သူတို့ ချစ်ကြမှာပါလေ" လို့ မျှော်လင့်ခဲ့ကြတာပါပဲ။ လက်တွေ့ကြတော့ ချစ်ခြင်းမေတ္တာ ကုန်ခန်းသွားပြီ။ စိတ်မရှည်ကြတော့ဘူး။ လေသံတွေ မာ လာကြပြီ။ ဒါကြောင့် ဘဝဟာလည်း အဓိပ္ပါယ်မဲ့လာပြီ။

အရင်တုံးကတော့ "သင့်ကို ရာသက်ပန်ချစ်ခင်လေးစားနိုင်ရန်" တဲ့။ အခုတော့ "ငါနဲ့ အဆင်မပြေရင် လမ်းခွဲ၊ ငါ့အမေနဲ့ မတည့်ရင် ပြန်တော့" စသဖြင့် ကိုယ့်ဘက်ကိုပဲ ဦးစားပေးစဉ်းစားတော့တယ်။ အရင်တုံးကတော့

"သင့်ကို" သင့်ကို ရာသက်ပန်ချစ်ဖို့ ကတိသစ္စာပြုတယ်။ "သင့်ကို" သင့်ကို ဆိုပြီးတော့ သူ့ကို ဦးစားပေးတယ်။ အခုတော့ "ငါ့ကို" "ငါ့ကို" ငါနဲ့ အဆင်မပြေရင် - ငါစိတ်တိုင်းမကျရင် ပြန်တော့ပဲ။

ကျနော်တို့ အသီးသီးမှာလည်း ဆက်ဆံရေးပျက်ပြားသွားတာ၊ အဆင်မပြေကြတာ၊ ပေါင်းလို့သင်းလို့ မပျော်တော့တာတွေ ကြုံတွေ့နေရပါတယ်။ ကနန်မြို့လက်ထပ်ပွဲမှာ စပျစ်ရည်အသစ်ကို ယေရှုဘုရားရှင်က ပေးပြီး တစ်ဖန်ဝမ်းမြောက်စေသလို ဘုရားသခင်ကလည်း ပြဿနာတက်နေတဲ့ သင်တို့ရဲ့ပေါင်းသင်းဆက်ဆံရေး၊ ကွာရှင်းလုနီးပါးဖြစ်နေတဲ့ သင်တို့ရဲ့အိမ်ထောင်ရေးကို ချစ်ခြင်းမေတ္တာတွေနဲ့ ရှင်သန်လာအောင် လုပ်ပေးနိုင်ပါတယ်။ ယေရှုဘုရားရှင်က လူတွေအတွက် ရည်မှန်းထားတဲ့လက်ထပ်ပွဲဟာ ချစ်ခြင်းမေတ္တာ ဘယ်တော့မှ မကုန်ခန်းတော့တဲ့မိသားစု ဖြစ်လာစေဖို့ပါပဲ။

ယေရှုဘုရားရှင်က ဘယ်လိုနည်းနဲ့ ကျနော်တို့ရဲ့ချစ်ခြင်းမေတ္တာကို ပြန်လည်ရှင်သန်လာစေမှာပါလဲ။ ယနေ့ ကျမ်းစာမှာ ကျောက်အိုးကြီး ၆ လုံးထဲ ရေဖြည့်ခိုင်းပြီး အဲဒီရေတွေကို ဘုရားရဲ့တန်ခိုးတော်နဲ့ စပျစ်ရည် ဖြစ်စေလိုက်ပါတယ်။ ဂျူးလူမျိုးတွေက ကျောက်အိုးကြီးတွေနဲ့ ရေဖြည့်ထားတာက ဘာလုပ်ဖို့လဲ။ ဂျူးထုံးစံအတိုင်း စင်ကြယ်ခြင်းအမှုကို ပြုလုပ်ဖို့လို့ သိရပါတယ်။ ဥပမာ - ဈေးကပြန်လာရင်လည်း တစ်ဒေါင်ဆစ်ကစပြီး ရေဆေးရတယ်တဲ့။ အဲ့လို ကိုယ့်ကိုယ်ကို စင်ကြယ်စေဖို့ ရေကို များများသုံးလေ့ရှိကြတယ်။ လူကို စင်ကြယ်စေအောင်လုပ်တာက ရေမဟုတ်ဘူး၊ ဘုရားရဲ့တန်ခိုးကျေးဇူးကြောင့်သာ လူက အပြစ်မှ စင်ကြယ်စေရတာပါ။ ရေကြောင့် မဟုတ်ဘူးဆိုတာကို ယေရှုဘုရားရှင်က ပြသလိုက်တာပါပဲ။ ရေကနေ စပျစ်ရည်အသစ်ကို ဖြစ်ပေါ်စေလိုက်သလို ဘုရားက

ကျနော်တို့နှလုံးသားထဲမှာ ချစ်နိုင်စွမ်း အားတွေကို ဖြစ်ပေါ်စေလိုက်ပါတယ်။ ဒီအခါ ကျနော်တို့လည်း ယေဇူးဘုရားရှင်ကဲ့သို့ ချစ်နိုင်စွမ်းတွေ ရှိလာပါတယ်။ ယေဇူးဘုရားရှင်က ရေမှ စပျစ်ရည်သို့ ပြောင်းလဲပေးနိုင်သလို မပူမအေးဖြစ်နေတဲ့ ကျနော်တို့ တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံရေးကိုလည်း နွေးထွေးတဲ့အချစ်သို့ ပြောင်းလဲနိုင်ပါတယ်။ ရေမှ ပြောင်းလဲလာတဲ့စပျစ်ရည်က အကောင်းဆုံးစပျစ်ရည်/ လိုတာထက်ပိုများတဲ့စပျစ်ရည်ဖြစ်လာသလို ကျနော်တို့ကို ဘုရားကပြောင်းလဲပေးလိုက်လို့ ဖြစ်ပေါ်လာတဲ့အချစ်တွေက မထင်မှတ်လောက်အောင်အထိ အကောင်းဆုံးအချစ်တွေ ဖြစ်ပါလိမ့်မယ်။

ဘုရားက ကျနော်တို့ကို ဘယ်လိုနည်းဘယ်လိုဟန်နဲ့ ပြောင်းလဲပေးမှာပါလဲ။ ယေဇူးဘုရားရှင် စေခိုင်းသမျှကို ကျနော်တို့ လိုက်လုပ်ခြင်းအားဖြင့် ကျနော်တို့ ပြောင်းလဲသွားမှာပါ။ ဒါကြောင့် မယ်တော်က ကျနော်တို့ကို အကောင်းဆုံး အကြံပေးတာက "သူ စေခိုင်းသမျှကို လုပ်ကြပါ" တဲ့။ သင့်ရဲ့ အိမ်ထောင်ရေးက ပြိုကွဲလုနီးပါး ဖြစ်နေရင်/တစ်ယောက်နဲ့တစ်ယောက် မချစ်နိုင်ကြတော့ရင် "သူ စေခိုင်းသမျှကို" လိုက်လုပ်ကြည့်ပေါ့လား။ သူ စေခိုင်းသမျှကိုသာ လိုက်လုပ်၊ "အကြိမ် (၇၀) (၇)လီ ခွင့်လွှတ်" လို့ စေခိုင်းရင်လည်း လိုက်လုပ်ကြည့်ပါ။ "ငါ၌ နူးညံ့သိမ်မွေ့ နှိမ့်ချခြင်းရှိသည်ကို ငါ့ထံမှ သင်ကြားကြလော့" သင်ကြားကြလော့လို့ ခိုင်းနေတယ်လေ။ စေခိုင်းတဲ့အတိုင်း လိုက်ပြီး "သင်ကြားနာယူကြည့်ပါ"။ ကိုယ့်အပြောအဆိုတွေ နူးညံ့အောင် သင်ယူပါ။ ကိုယ့်ကိုယ်ကို နှိမ့်ချတတ်ဖို့ ယေဇူးဘုရားရှင်ကို အတုယူ သင်ယူပါ။ အဲ့လိုသာ "သူ စေခိုင်းသမျှ (နားလည်သည်ဖြစ်ဖြစ်/ နားမလည်သည်ဖြစ်ဖြစ်၊ ကြိုက်သည်ဖြစ်ဖြစ်/မကြိုက်သည်ဖြစ်ဖြစ်) လိုက်သာလုပ်ပါ။ သင်တို့ရဲ့ ဆက်ဆံရေးတွေ အကုန်အဆင်ပြေစေရမယ်။ ကျနော် အာမခံတယ်။

ရလာမည့်အကျိုးကျေးဇူးက မထင်မှတ်လောက်အောင်အထိ လိုတာထက်ပိုလာပါလိမ့်မယ်။ မယ်တော့်မှာ ရှိတဲ့ ချစ်ခြင်းမေတ္တာမျိုးလိုပေါ့။ သူတစ်ပါးရဲ့လိုအပ်ချက်ကို သတိမူမိတဲ့ ချစ်ခြင်းမေတ္တာမျိုးပေါ့။ မင်္ဂလာလက်ထပ်ပွဲမှာ စပျစ်ရည်ကုန်တော့မှာဆိုတာကို မယ်တော် သတိမူမိတယ်လေ။ သူတစ်ပါးရဲ့ လိုအပ်ချက်ကို သတိမူမိတဲ့အချစ်မျိုး ဖြစ်ဖို့ လိုပါတယ်။

ဒါကြောင့်လည်းပဲ သူတစ်ပါးတွေရဲ့ လိုအပ်ချက်အမျိုးမျိုးကို ကူညီပေးနိုင်ဖို့ ဝိညာဉ်တော်ဘုရားက ကျနော်တို့ တစ်ယောက်စီကို သူမတူတဲ့ ကျေးဇူးတော်အမျိုးမျိုး ပေးထားကြောင်း ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ကော်ရိန်သုဩဝါဒစာမှာ ရှင်ပေါလူးက အခုလို ရေးထားပါတယ်။ “အများကောင်းကျိုးအတွက် လူအသီးသီး၌ ဝိညာဉ်တော်ဘုရားအား ပေါ်လွင်စေနိုင်သည့်အခွင့်ကို ပေးထားလျက်ရှိ၏။” ဒါကြောင့် သူတစ်ပါးကို ဘယ်လိုကူညီရမလဲ၊ ဘယ်လိုချစ်ရမလဲဆိုတာ မယ်တော့်လို သိစေပါတယ်။ မယ်တော့်လို လွတ်လွတ်လပ်လပ် ချစ်တတ်လာမယ်။ မယ်တော်မှာ တာဝန်ဝတ္တရားအရမို့လို့ သူတစ်ပါးကို ကူညီတာ မဟုတ်ဘူး။ အိမ်ထောင်ရေးမှာလည်း ငါ့မှာ အိမ်ထောင်ဦးစီးမို့လို့ တာဝန်ဝတ္တရားအရ ဆောင်ရွက်နေရင် ဝန်ထုတ်ဝန်ပိုးလို့ မြင်မှာပဲ။ “ငါ့ကို သူတို့ ပြန်ချစ်အောင် ငါကလည်း ချစ်ပြရမယ်” ဆိုတဲ့စိတ်ထားမျိုးနဲ့လည်း မဖြစ်စေရပါဘူး။ လွတ်လွတ်လပ်လပ် ချစ်ချင်လို့ ချစ်တာမျိုး၊ ယေဇူးဘုရားရှင်လို ပေးဆပ်တဲ့အချစ်မျိုး ဖြစ်နိုင်အောင် ကျင့်ဆောက်တည်ကြပါစို့။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။